Public education
**Discover a world of opportunities**

# နံပါတ်များ- အိမ်တွင် လေ့လာသင်ယူခြင်း

## သချ်ာဘာသာရပ်ကို နားလည်ယူခြင်း

သင့် ကလေးအတွက် သချ်ာဘာသာရပ်ကို သင် ဘ၀ထဲသို့ ဆွဲယူလာရန် အထောက်အကူပြုမည့် အကြံဉာဏ် အချို့ ရှိပါသည်-

- သင် နံပါတ်ဂဏန်းများ၊ အချိန်၊ တည်နေရာနှင့် တိုင်းတာခြင်တွယ်မှု တို့ကိုအသုံးပြုသည့်အခါ စဉ်းစားတာကို ကျယ်ကျယ်ပြောပါ ထိုအခါ သင့်ကလေးသည် သချ်ာဘာသာရပ် အသုံး၀င်ပုံကို သိမြင်မည် ဖြစ်သည်။ ဥပမာ- *ကျွန်ုပ်တို့တွင် ပန်းသီး အလုံအလောက် ရှိမရှိ ကျွန်ုပ် သိချင်သည်။ ဒီ့အပြင် သေချာအောင် ရေတွက်ကြည့်ကြပါစို့။*
- သင့်ကလေးအား သူတို့ လုပ်ကိုင်နေစဉ် တစ်လျှောက်လုံး စကားပြောဆိုရန် တိုက်တွန်းပေးပါ။ မေးခွန်းများကို မေးပါ၊ သင့်ကလေးကိုလည်း မေးခွန်းများ မေးခိုင်းပါ။ ၄င်းသည် သူတို့အား နားလည်အောင် အထောက်အကူပေးပြီး သူတို့ ဘာလုပ်နေသည်ကို သူတို့ နားလည်အောင် အထောက်အကူပေးသည်။ ၄င်းသည် ပညာသင်ယူရန် ထိရောက်သော နည်းလမ်း တစ်ခုဖြစ်သည်။
- သင် အရာများကို ပုံဖော်ပြောသည့်အခါ သချ်ာနှင့် နံပါတ်ဂဏန်း စာလုံးများကို သုံးပါ။ *ရေပုံး* ဟုပြောမည့်အစား သင်ပြောနိုင်တာက- *10 လီတာ၀င် ရေပုံး*ဟုပြောပါ။ ၄င်းသည် သင့်ကလေးအား အရာများကို တိုင်းတာ ခြင်တွယ်ပုံ ဖော်ပြရန်သုံးသည့် စကားလုံး အမျိုးမျိုး အကြောင်းလေ့လာရန် ထောက်ကူပေးပါသည်။

**ရုပ်မြင်သံကြားကို ပိတ်လိုက်ပါ။**
**စိတ်အာရုံပြောင်းမည့်အရာများ မရှိပါက စိတ်အာရုံစိုက်ရန် သင့်ကလေး အတွက် ပိုမိုလွယ်ကူ သည်။**

**ကောင်းသော စည်းမျဉ်းဖြစ်သည့် 'နည်းနည်းနှင့် မကြာခဏ' ကိုလိုက်နာပါ – နေ့စဉ် မိနစ် အနည်းငယ်ခန့် နံပါတ်ဂဏန်းများနှင့်ပတ်သက်၍ စာသင်ယူခြင်းသည် မိနစ် 30 သချ်ာ စာသင်တန်းထက် ပိုမိုကောင်းမွန်ပါသည်။**

- သင့်ကလေးကို သူတို့ နေ့စဉ်လုပ်ဆောင်ချက်များကို လုပ်နေစဉ် မေးခွန်းများကို မေးပါ သို့မှသာ သူတို့သည် စောစောပိုင်းအရွယ်မှစတင်၍ သချ်ာအကြောင်းကို စ၍စဉ်းစားပြီး ပြောဆိုမည်။ ဤကဲ့သို့မေးခွန်းများမေးပါ- *ဘယ်နှစ်ခု ရှိသလဲ။ အရပ်ဖက် ဖြစ်သလဲ။ ဒီမှာ အနေတော် ဖြစ်မည်လား။ ကျွန်ုပ်တို့အားလုံးအတွက် လုံလောက်မလား၊ နှင့် ဘယ်လောက်ကြီးလို့လဲ။*
- သင့်ကလေးကို အိမ်တွင် အရာများကို အမျိုးအစား ခွဲ၍သီးခြားခွဲထားရန်ကူညီပါ၊ ၄င်းအရာများကို အရွယ်အစား၊ အရှည်၊ အရောင်နှင့်ပုံသဏ္ဍာန်၊ ဥပမာ ကြယ်သီး၊ ခြေအိတ်၊ ညှပ်ကလစ်နှင့်အတုံးများ တို့ဖြစ်သည်။
- သူတို့အဖြေမှားကို ပေးသည့်တိုင်အောင် ကြိုးစားလုပ်သည့်အတွက် သင့်ကလေးအား ချီးမွမ်းပါ။ အကယ်၍ သူတို့ အဖြေကိုမသိလျှင် အဖြေရအောင်လုပ်ရန် အချိန်ပေးပါ။ အကယ်၍ သင် သူတို့အား အဖြေကိုပြောလျှင် သင် အဖြေကို မည်သို့ရကြောင်း ပြောပြပါ။ ၄င်းသည် စာသင်ယူရေးတွင် သူတို့၏ပင်ကိုယ် အားကိုးစိတ်ကို တည်ဆောက်စေသည်။ စိတ်ရှည်ရှည်ထားပါ။




Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY